## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်– ( ၁၅ / ၂၀၂၅)

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော **အစောင့်** (လစာနှုန်းကျပ် ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) ရာထူး (၂) နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ) ၃၁–၁၂–၂၀၂၅ ရက်နေ့တွင် အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအမှူး၏ ခွင့်ပြုချက် တင်ပြရမည်၊

( ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ အမည်မည်းစာရင်း (Black List) ရေးသွင်းခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဃ) အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ (အောင်လက်မှတ်မူရင်း တင်ပြရပါမည်) ဖြစ်ရမည်၊

( င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( စ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက်အား တင်ပြနိုင်သူဖြစ်ရမည်၊

( ဆ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ တစ်ဖက်ပါအထောက်အထားများ (pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ **၃၁–၁၂–၂၀၂၅** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်–

(က) အခြေခံပညာမူလတန်းအောင်လက်မှတ်မိတ္တူ
(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်)၊

(ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဂ) ပြင်ပမှလျှောက်ထားသူများအတွက်အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးသည့်အခါတွင် မူရင်း တင်ပြနိုင်ရမည်)၊

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း၊

၄။ ရေးဖြေစာမေးပွဲကို အထွေထွေဗဟုသုတ ဘာသာရပ်စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| **စဉ်** | **ဘာသာရပ်** | **ဖြေဆိုမည့်နေ့ရက်** | **အချိန်** |
|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | ၅-၁-၂၀၂၆<br>(တနင်္လာနေ့) | ၀၉ : ၀၀ နာရီ မှ ၁၀ : ၀၀ နာရီထိ |

၅။ ရေးဖြေစာမေးပွဲဖြေဆိုမည့်နေရာ၊ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ် နှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို သစ်တောဦးစီးဌာန၏ Website- www.forestdepartment.gov.mm တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သတ်မှတ်ချက်များနှင့် လျှောက်လွှာပုံစံများအား သစ်တောဦးစီးဌာန၏ Website - www.forestdepartment.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

သို့

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
နေပြည်တော်

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ **သစ်တောဦးစီးဌာနတွင် အစောင့် ရာထူးနေရာ ခန့်ထားပေးပါရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် ရိုသေစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော် -----------------------------------သည် -------------- ပညာသင်နှစ်၊ ------------ ခုနှစ်၊ -----------------------------ကျောင်းမှ ------------------------တန်း ရရှိအောင်မြင်ပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လိုပါသောကြောင့် ရိုသေစွာဖြင့် ဆန္ဒပြုလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်/ကျွန်မအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပြီး တာဝန်ပေးစေလွှတ်သည့် မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်းနှင့် ဌာန၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၄။ ကျွန်တော်/ကျွန်မ ၏ ကိုယ်ရေးရာဇဝင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ရိုသေစွာဖြင့်

လက်မှတ် - ----------------------

အမည် - ----------------------

မှတ်ပုံတင်အမှတ် - ----------------------

# ကိုယ်ရေးရာဇဝင်အကျဉ်း

ဓါတ်ပုံ (1½" × 2" ၊
နောက်ခံအပြာ၊
စတစ်အဖြူ/ရင်ဖုံး)

| | | | |
|---|---|---|---|
| ၁။ | အမည် | – | ------------------------------------------ |
| ၂။ | အဘအမည် | – | ------------------------------------------ |
| ၃။ | အမိအမည် | – | ------------------------------------------ |
| ၄။ | မှတ်ပုံတင်အမှတ် | – | ------------------------------------------ |
| ၅။ | မွေးသက္ကရာဇ်/အသက် | – | ------------------------------------------ |
| ၆။ | ကိုးကွယ်သည့်ဘာသာ | – | ------------------------------------------ |
| ၇။ | လူမျိုး | – | ------------------------------------------ |
| ၈။ | ပညာအရည်အချင်း | – | ------------------------------------------ |
| ၉။ | ဆက်သွယ်ရန်လိပ်စာ | – | ------------------------------------------ |
| | | | ------------------------------------------ |
| ၁၀။ | အမြဲတမ်းနေရပ်လိပ်စာ | – | ------------------------------------------ |
| | | | ------------------------------------------ |
| ၁၁။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | – | ------------------------------------------ |
| | | | ------------------------------------------ |

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

| | | |
|---|---|---|
| လက်မှတ် | – | -------------------- |
| အမည် | – | -------------------- |
| မှတ်ပုံတင်အမှတ် | – | -------------------- |